# အထွေထွေအာမခံလုပ်ငန်းများဖြန့်ဖြူးရောင်းချရေးဆိုင်ရာ

# တစ်ဦးချင်းကိုယ်စားလှယ်များအတွက်သဘောတူညီချက်

**First National Insurance (General) Co.,Ltd**

**နှင့်**

**----------------------(တစ်ဦးချင်းကိုယ်စားလှယ်)**

FNI

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

**ရက်စွဲ။ .......... ခုနှစ်.......လ.......ရက်**

**မာတိကာ**


၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်များ
၂။ ရည်ရွယ်ချက်
၃။ အထွေထွေပြဌာန်းချက်များ
၄။ လုပ်ပိုင်ခွင့်နှင့်တားမြစ်ချက်များ
၅။ အကျိုးစီးပွားဆိုင်ရာပဋိပက္ခများ
၆။ ခံစားခွင့်ရှိသည့် အခကြေးငွေ
၇။ စာရင်းခုနှိမ်ခွင့်
၈။ စျေးကွက်မြှင့်တင်ရေးနှင့် သက်ဆိုင်သည့်ပစ္စည်းများ
၉။ မှတ်တမ်းနှင့် ငွေစာရင်းများ
၁၀။ အရေးဆိုမှုများ
၁၁။ ဖြည့်စွက်စည်းကမ်းချက်များ
၁၂။ တာဝန်ရှိမှုများ
၁၃။ ပယ်ဖျက်၊ ပြင်ဆင်နိုင်ခြင်း
၁၄။ လျော်ပေါ်ပေးခြင်း
၁၅။ ရပ်စဲခြင်း
၁၆။ ကြေငြာချက်များ
၁၇။ လျှို့ဝှက်ထိန်းသိမ်းရမည့်အချက်များ
၁၈။ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း
၁၉။ မလွန်ဆန်နိုင်သောဖြစ်ရပ်
၂၀။ စာချုပ်ဝင်နှစ်ဖက်ကြားဆက်သွယ်မှု
၂၁။ လွှမ်းမိုးသည့် ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း
၂၂။ တတိယပုဂ္ဂိုလ်စာချုပ်ဝင်၏ အခွင့်အရေး
၂၃။ တာဝန်လွှဲပြောင်းပေးအပ်ခြင်း
၂၄။ ပူးပေါင်းပါဝင်သူများ

ဤသဘောတူညီချက်ကို ……………..ခုနှစ်၊ ……………….လ၊ ……….... ရက်နေ့တွင် ………… မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး လိုင်စင်အမှတ် ၁၁၆၈၀၀၄၄၆ ဖြင့် ခွင့်ပြုချက်ရရှိထားသော လိပ်စာအမှတ် (၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ အာမခံလုပ်ငန်း လုပ်ကိုင်သည့် First National Insurance (General) Company Limited (ကုမ္ပဏီ) (နောင်တွင် "အာမခံကုမ္ပဏီ" ၏ ရည်ညွှန်းသုံး နှုန်းမည်) က တစ်ဖက်နှင့် နိုင်ငံသားမှတ်ပုံတင်အမှတ် ………………………………… ကိုင်ဆောင်ထားသူ (အမည်) …………………..... လိပ်စာအားဖြင့် …………………………………………………………………………………… နေထိုင်သူ (အာမခံကိုယ်စားလှယ်) (နောင်တွင်အာမခံ ကိုယ်စားလှယ်ဟုရည်ညွှန်းသုံးနှုန်းမည်) က အခြားတစ်ဖက်တို့အကြား ဤသဘောတူညီချက်ကို အောက်ပါ စည်းကမ်းချက်များနှင့်အညီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။ တစ်ဦးချင်းစီကို စာချုပ်ဝင်ဟုလည်းကောင်း၊ စုပေါင်း၍ စာချုပ်ဝင်များဟုလည်းကောင်း ရည်ညွှန်းသုံးစွဲမည်ဖြစ်ပါသည်။

**အသေးစိတ်ဖော်ပြချက်**

(က) သဘောတူညီချက်ချုပ်ဆိုမည့် အာမခံကုမ္ပဏီ၏အမည်သည် မြန်မာနိုင်ငံအတွင်း အထွေထွေအာမခံလုပ်ငန်းကို လုပ်ကိုင်ခွင့်နှင့် ဖြန့်ဖြူးခွင့်ရရှိသည့် အာမခံကုမ္ပဏီ ဖြစ်ကြောင်း၊

(ခ) အာမခံကိုယ်စားလှယ်၏ အမည်သည် မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းကို ကြားခံ ဆောင်ရွက်ခွင့်ရှိသောသူ အာမခံကိုယ်စားလှယ်ဖြစ်ကြောင်း၊

(ဂ) ဤသဘောတူညီချက်သည် အာမခံကုမ္ပဏီ၏ကိုယ်စား အာမခံကိုယ်စားလှယ်မှ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်၊ ရောင်းချခွင့်၊ လုပ်ငန်းဈေးကွက်ရှာဖွေခွင့်၊ ဖြန့်ဖြူး မြှင့်တင်ခွင့်များကို ဆောင်ရွက်ရန်အတွက် စည်းကမ်းသတ်မှတ်ချက်များပါသည်။

**နှစ်ဦးနှစ်ဖက်၏ သဘောတူညီချက်မှာအောက်ပါအတိုင်းဖြစ်သည်။**

**၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်များ**

၁.၁။ ဤသဘောတူညီချက်တွင် ဖော်ပြထားခြင်း မရှိသော်လည်း လိုက်နာရမည့် အချက် များ-

၁.၁.၁။ **လိုက်နာရမည့်ဥပဒေ** ဆိုသည်မှာ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ၊ ပြဋ္ဌာန်း ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ၊ လမ်းညွှန်ချက်များ၊ စံနှုန်းများ၊ လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ထုံးဥပဒေများအပြင် အစုရှယ်ယာရောင်းဝယ်ခြင်း၊ မှတ်ပုံတင်ခြင်း အစရှိသည့်အပြင် ဥပဒေနှင့်အညီ ဆောင်ရွက်ရသည့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ၏ ထုတ်ပြန်ချက်များ၊ ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကုမ္ပဏီ၏ လုပ်ငန်းများတွင်လည်းကောင်း၊ အာမခံကိုယ်စားလှယ်တွင်လည်းကောင်း၊ အသီးသီးလိုက်နာရမည်ကို ဆိုလိုပါသည်။

၁.၁.၂။ **ကော်မရှင်နှုန်းထား** ဆိုသည်မှာ ဤသဘောတူညီချက်အရ အတိအကျဖော်ပြ သတ်မှတ်ထားသော ကော်မရှင်နှုန်းထားဇယားတွင် ဖော်ပြထားသည့် အာမခံကိုယ်စားလှယ်၏ ဝန်ဆောင်မှုအတွက် ခံစားခွင့် အခကြေးငွေကို ဆိုလိုသည်။ အဆိုပါနှုန်းထားဇယားကို ပြောင်းလဲပြင်ဆင်လိုပါက ကုမ္ပဏီသည် ဤသဘောတူညီချက်တွင် အကျုံးဝင်စေရန်အတွက် ကော်မရှင်နှုန်းထား ပြင်ဆင်ချက်များကို အချိန်နှင့် တစ်ပြေးညီ စာဖြင့်ရေးသား ထုတ်ပြန် ပြင်ဆင် နိုင်သည်။

၁.၁.၃။ **ကော်မရှင်နှုန်းထားဇယား** ဆိုသည်မှာ ဤသဘောတူညီချက်၏ နောက်ဆက်တွဲ ပါရှိသည့် ဇယားကိုဆိုသည်။

၁.၁.၄။ **လျှို့ဝှက်ရမည့်သတင်းအချက်အလက်များ** ဆိုသည်မှာ နှစ်ဖက်စာချုပ်ဝင် တို့မှ မိမိတို့၏ သတင်းအချက်အလက်များကို ဤသဘောတူညီချက် ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် ထိန်းသိမ်းထားရှိရမည့် အပြင် မိမိတို့နှစ်ဖက် စာချုပ်ဝင်များနှင့် အခြားပတ်သက်ဆက်နွယ်သည့် သတင်းအချက်အလက်များ အားလုံးကိုဆိုလိုသည်။ အဆိုပါ လျှို့ဝှက်ရမည့် သတင်းအချက်အလက်များတွင် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ၊ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ စီမံကွပ်ကဲမှု ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းရှာဖွေမှု နည်းလမ်းများနှင့် အခြားစီးပွားရေးဆိုင်ရာ အချက်အလက်များ (အာမခံထားသူများ၏ သတင်းအချက်အလက်များအပါအဝင်) အားလုံးကို နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်ရေးသားခြင်းဖြင့်သော်လည်းကောင်း၊ သတင်းအချက်အလက် ကြော်ငြာသည့်အခါတွင်လည်းကောင်း၊ ထုတ်ဖော်မပြောရဟု သတ်မှတ်ထားသည့် သတင်းအချက်အလက်များဖြစ်သည်။

၁.၁.၅။ **ဝယ်ယူသူ** ဆိုသည်မှာ အာမခံကုမ္ပဏီ၏ လက်ရှိဝယ်ယူရန် အလားအလာ ရှိမှုအပေါ် အာမခံကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်အရ ဈေးကွက် ရှာဖွေခြင်း၊ တိုးမြှင့်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း လမ်းကြောင်းများအတိုင်း အာမခံအမျိုးအစားများကို ဝယ်ယူသူများဖြစ်သည်။

၁.၁.၆။ **မလွန်ဆန်နိုင်သောဖြစ်ရပ်** ဆိုသည်မှာ အောက်တွင်ဖော်ပြထားသော ဖြစ်ရပ်များ ဖြစ်ပေါ်ပါက ဤသဘောတူညီချက်ပါ နှစ်ဖက်စာချုပ်ဝင်များသည် တစ်ဖက်အပေါ် တစ်ဖက် ကြိုတင်တိုက်ရိုက် ကာကွယ်ခြင်း၊ ဖြစ်နိုင်ချေရှိသော ထိန်းချုပ်မှုများကို ထိုက်သင့်သောသတိဝိရိယနှင့် အားထုတ်မှုများဖြင့် ဆောင်ရွက်ကြရမည်။ ယင်းတို့မှာ စစ်ပွဲများ၊ ပြည်တွင်းစစ်၊ လက်နက်ကိုင် ပုန်ကန်မှု၊ အဓိကရုဏ်း၊ အကြမ်းဖက်မှုဖြစ်ရပ်များ၊ နိုင်ငံတော်အစိုးရ ကန့်သတ်တားမြစ်ချက်များ၊ မီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ပါဝင်သည်။ (လုပ်ငန်းခွင်အငြင်းပွားမှု၊ လုပ်သားအင်အား ဖြတ်တောက်မှုကြောင့် ပေါ်ပေါက်သော သပိတ်မှောက်မှုအပါအဝင် စာချုပ်ဝင် တစ်ဖက်ဖက်က

ထိုက်သင့်သော သတိဝိရိယနှင့် ဆောင်ရွက်စေကာမူ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များ၊ ကိစ္စရပ်များ။)

၁.၁.၇။ **အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB)** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဆိုလိုသည်။

၁.၁.၈။ **ပေါ်လစီ** ဆိုသည်မှာ အာမခံကုမ္ပဏီမှ လက်ခံဆောင်ရွက်သော အာမခံ လုပ်ငန်း အမျိုးအစားများအလိုက် ထုတ်ပေးသော အာမခံစာချုပ်ဖြစ်သည်။

၁.၁.၉။ **အာမခံအမျိုးအစား** ဆိုသည်မှာ အာမခံကုမ္ပဏီက လက်ခံဆောင်ရွက်ခွင့် ရှိသည့် ဇယား (၂) တွင် ဖော်ပြထားသော အထွေထွေအာမခံ အမျိုးအစားကို ဆိုလိုသည်။

၁.၁.၁၀။ **ဝန်ဆောင်မှု** ဆိုသည်မှာ ဤသဘောတူညီချက်ပါ စည်းကမ်းချက်အပိုဒ် (၂) အရ အာမခံကုမ္ပဏီသို့ အာမခံကိုယ်စားလှယ်က ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုကိုဆိုလိုသည်။

၁.၂။ ရည်ညွှန်းရမည့်အချက်များကို ရေးသားဖော်ပြရာတွင် လုပ်ထုံးလုပ်နည်းစနစ်အရ သုံးစွဲရမည့် စကားလုံးများကို ထပ်မံချဲ့ထွင် အဓိပ္ပါယ်ဖွင့်ဆို ပြောင်းလဲပြင်ဆင်ခြင်း မပြုရမည့်အပြင်၊ ဥပဒေနှင့်အညီသာ ဖြစ်စေရမည်။

၁.၃။ သဘောတူညီချက်များ၊ စာပိုဒ်အသီးသီးနှင့်ဇယားများသည် ပိုမိုကောင်းမွန်စေရန် အတွက်သာရည်ရွယ်မှုဖြစ်၍ ဤသဘောတူညီချက်၏ မူရင်းအဓိပ္ပါယ်ဖွင့်ဆိုမှု အပေါ်သက်ရောက်မှုမရှိစေရ။

၁.၄။ သဘောတူညီချက်တွင် ပူးတွဲဖော်ပြထားသောဇယားများပါ အချက်အလက်များသည် ဤသဘောတူညီချက်တွင် ဖွင့်ဟဖော်ပြထားသောအချက်များနှင့် တူညီသော သက်ရောက်မှုများသာဖြစ်ပြီး သဘောတူညီချက်က ရည်ညွှန်းထားသည့် ဇယားနှင့် နောက်ဆက်တွဲ(ပူးတွဲ)များသာ ဖြစ်ရမည်။

## ၂။ ရည်ရွယ်ချက်

၂.၁။ ဤသဘောတူညီချက်၏ ရည်ရွယ်ချက်သည် အာမခံကိုယ်စားလှယ်က အာမခံ အမျိုးအစားများကိုကြော်ငြာခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း များကို ဆောင်ရွက်နိုင်ရန်နှင့် ဝယ်ယူသူများမှ အာမခံအမျိုးအစားများ ဝယ်ယူရရှိစေ ရေးအတွက် အဆိုပြုခြင်းများကို တစ်ဆင့်ကြားခံ ဆောင်ရွက်ပေးခြင်းအား ခွင့်ပြုရန် ရည်ရွယ်ပါသည်။

၂.၂။ လိုက်နာရမည့်ဥပဒေနှင့်အညီ နှစ်ဖက်စာချုပ်ဝင်များသည် မြန်မာနိုင်ငံအတွင်း အာမခံအမျိုးအစားများ ရောင်းချခြင်းအတွက် ကြော်ငြာခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးခြင်းများကို အာမခံကိုယ်စားလှယ်များမှ တစ်ဆင့်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရမည်။

၂.၃။ နှစ်ဖက်စာချုပ်ဝင်များသည် ဤသဘောတူညီချက်ကို စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ကြိုတင်သဘောတူညီချက်များအရ သဘောတူညီချက် ၏ ရက်စွဲကိုမထိခိုက်စေဘဲ ရပ်စဲနိုင်သည်။ သို့သော်လည်း သဘောတူညီချက်ကို ရပ်စဲခြင်းသည် စာချုပ်ဝင်တစ်ဖက်ဖက်၏ အခွင့်အလမ်းများကိုစပ်ဆိုင်စေရန်အတွက် ဘက်လိုက်မှုမရှိစေရ။

**၃။ အထွေထွေပြဋ္ဌာန်းချက်များ**

၃.၁။ အာမခံကိုယ်စားလှယ်သည် မြန်မာနိုင်ငံအတွင်းရှိ အာမခံအမျိုးအစားများ ရောင်းချရန်အတွက် အဆိုလွှာများ ပိုမိုဝယ်ယူရေးကို ဈေးကွက်ရှာဖွေရာတွင် ဝီရိယထုတ်ပြီး ဆောင်ရွက်ရမည်။ အာမခံကုမ္ပဏီအနေဖြင့် အာမခံအမျိုးအစားများ ပိုမိုရောင်းချနိုင်ရေး အရောင်းမြှင့်တင်ရန်အတွက် အာမခံအမျိုးအစားများ ဆိုင်ရာသင်တန်းကို အာမခံကိုယ်စားလှယ်များအတွက် သီးခြားပို့ချပေးရမည်။

၃.၂။ အာမခံကိုယ်စားလှယ် (ကျား/မ) သည် လုံလောက်သည့် လိုင်စင်ရှိရမည့်အပြင် အာမခံ အမျိုးအစားများ ဈေးကွက်မြှင့်တင်ရန်နှင့် ရောင်းချရန် ဤသဘောတူညီချက် တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအောင်မြင်ရန် အရည်အချင်းပြည့်မီအောင် ဆောင်ရွက်သူများဖြစ်ရမည်။

၃.၃။ စာချုပ်ဝင် တစ်ဖက်နှင့်တစ်ဖက် ကိုယ်စားပြု ညှိနှိုင်းတာဝန်ယူရမည့် အချက်များမှာ-

၃.၃.၁။ ဤသဘောတူညီချက်ကိုဆောင်ရွက်ခြင်း၊ လွှဲပြောင်းခြင်း၊ ပိုမိုကောင်းမွန် အောင် ဆောင်ရွက်ခြင်းတို့တွင် ဖော်ပြထားသောတာဝန်နှင့် သဘောတူညီ ချက်များကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရမည့်အပြင် တရားဝင် လွှဲအပ်မှုလည်းရှိရမည်။

၃.၃.၂။ ဤသဘောတူညီချက်ပါ စည်းကမ်းချက်များသည် ဥပဒေကြောင်းအရ သက်ရောက်သည့် အကျုံးဝင်မှုရှိသဖြင့် ဤသဘောတူညီချက်ကို ဥပဒေနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

၃.၃.၃။ ဤသဘောတူညီချက်ကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အကောင် အထည်ဖော်ရာတွင်လည်းကောင်း၊ လွှဲပြောင်းရာတွင်လည်းကောင်း၊ ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပါဝင်ဆောင်ရွက်ကြသောသူများသည် လိုအပ်သော လုပ်ပိုင်ခွင့်ရရှိပြီး သူများ သာဖြစ်ရမည်။

FNI
FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

၃.၄။ အာမခံကိုယ်စားလှယ်သည်အာမခံကုမ္ပဏီ၏ ကြားခံလုပ်ငန်းကို ကိုယ်စားပြု ဆောင်ရွက်ခွင့်ရမည့်အချက်များ-

၃.၄.၁။ အာမခံကိုယ်စားလှယ်သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော သက်တမ်းရှိသည့် အာမခံကိုယ်စားလှယ် လိုင်စင်ကိုင်ဆောင်ထားရမည်၊

၃.၄.၂။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က လိုအပ်၍ ထုတ်ပြန်ထားသော လိုက်နာရမည့် အချက်များနှင့် ပြည့်စုံလုံလောက်သောသူဖြစ်စေရန် အာမခံကိုယ်စားလှယ်သည် အာမခံပေါ်လစီများကိုကောင်းစွာ နားလည်သူဖြစ်ရမည့်အပြင် အာမခံအသိပညာရှိသူ ဖြစ်ရမည်၊

၃.၄.၃။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင်ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာပေးရန် တာဝန်ရှိမှုများကို ပေးဆောင်နိုင်မှုမရှိသူ မဖြစ်စေရ၊

၃.၄.၄။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာတွင်ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရာတွင် အပြန်အလှန်ဆောင်ရွက်ပေးရမည့် အစီအစဉ်များရှိပါက ထိုသူ (သို့) ထိုသူမ၏မြီရှင်များ အကျိုးစီးပွားကို ထည့်သွင်းဆောင်ရွက်ခြင်း မပြုရ၊

၃.၄.၅။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင်ဖြစ်စေ တရားစီရင်ရေးဆိုင်ရာဆုံးဖြတ်ချက်များအရပေးရန် ကြွေးမြီများရှိသူဖြစ်ပါလျှင်၊ ထိုသူ/သူမသည် (၇) ရက်အတွင်းမပေးသွင်းနိုင်သူ မဖြစ်ရ၊

၃.၄.၆။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင်ဖြစ်စေ တရားရုံးတစ်ခုခုမှ လူမွဲစာရင်းတင်သွင်းခံရသူ မဖြစ်စေရပါ၊

၃.၄.၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တရားစွဲဆိုခံရမှုများအရဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ (သို့မဟုတ်) ပြစ်မှုဆိုင်ရာအရဖြစ်စေ စစ်ဆေး အရေးယူခြင်း၊ တရားစွဲဆိုခံရခြင်း ဖြစ်ရပ်များရှိသူ မဖြစ်စေရ၊

၃.၄.၈။ တည်ဆဲဥပဒေအရဖြစ်စေ၊ တရားစွဲဆိုခံရမှုများအရဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ ထောင်ဒဏ်အထိချမှတ်ခံရနိုင်သောပြစ်ဒဏ်များအတွက် တရားစွဲ ဆိုမှုနှင့် ရင်ဆိုင်နေရသောသူမဖြစ်စေရ၊

၃.၄.၉။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင် ဖြစ်စေ တရားစွဲဆိုမှုများ (လိမ်လည်မှု၊ မမှန်မကန်တင်ပြမှု၊ မရိုးဖြောင့်မှု) တို့ကြောင့် တရားမကြောင်းဆိုင်ရာ တရားစွဲဆိုခံရသူမဖြစ်စေရ၊

၃.၄.၁၀။ တည်ဆဲဥပဒေအရဖြစ်စေ၊ တရားစွဲဆိုမှုများအရဖြစ်စေ မရိုးသားမှု၊ လိမ်လည်မှု၊ မှားယွင်းစွာ တင်ပြထားမှုအပေါ် ပေးလျော်ရန် တာဝန်များမရှိစေရ၊



Your Risk Solution

FNI
FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

၃.၄.၁၁။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင်ဖြစ်စေ အာမခံလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ အပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ စီးပွားရေးလုပ်ငန်းများတွင် လိုက်နာရမည့် ကျင့်ဝတ်များ၊ အခြားဥပဒေ၊ နည်းဥပဒေတစ်ရပ်ရပ်ကိုမဆို ချိုးဖောက်ခြင်းနှင့် အခြားသူများကိုလည်း ချိုးဖောက်ရန် အားပေးကူညီခြင်း မပြုလုပ်ရ၊

၃.၄.၁၂။ အာမခံလုပ်ငန်း၏ အခန်းကဏ္ဍတွင် မမျှတသော ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ အလေ့အကျင့်၊ အလေ့အထများ ပြုလုပ်ခြင်းမရှိစေရ၊

၃.၄.၁၃။ တရားစွဲဆိုမှုများအရ အာမခံကိုယ်စားလှယ်လိုင်စင်၊ အာမခံလုပ်ငန်း ကိုယ်စားလှယ်လိုင်စင် (သို့မဟုတ်) အခြားအလားတူ လိုင်စင်များကို ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ ငြင်းပယ်ခြင်းမရှိစေရ၊

၃.၄.၁၄။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့်နေရာများတွင်ဖြစ်စေ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လိုအပ်ချက်များ (သို့မဟုတ်) နည်းပညာရပ်များ လွှဲပြောင်းခြင်းနှင့် လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို လိုက်နာရန် ဆန္ဒမရှိကြောင်း ပေါ်လွင်ထင်ရှားအောင် မပြုလုပ်ရ၊

၃.၄.၁၅။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့် နေရာများတွင်ဖြစ်စေ စီးပွားရေးလုပ်ငန်း၏ ဒါရိုက်တာ၊ ပူးပေါင်းဆောင်ရွက်သူ၊ အစုရှယ်ယာရှင် (သို့မဟုတ်) စီမံခန့်ခွဲမှုတွင် ပါဝင်သူဖြစ်ခြင်း (သို့မဟုတ်) လွန်ခဲ့သောတစ်နှစ် (သို့မဟုတ်) တစ်နှစ်အတွင်းကာလက လူမွဲခံယူရခြင်း၊ စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် စီမံခန့်ခွဲမှုခံနေရသော စီးပွားရေးလုပ်ငန်း၏ ဒါရိုက်တာ၊ ပူးပေါင်းဆောင်ရွက်သူ၊ အစုရှယ်ယာရှင် (သို့မဟုတ်) စီမံခန့်ခွဲမှုတွင် ပါဝင်သူမဖြစ်စေရ၊

၃.၄.၁၆။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့် နေရာများတွင်ဖြစ်စေ ဝန်ထမ်း၊ အလုပ်သမား၊ ယုံကြည်မှုအရ ကြီးကြပ်ကွပ်ကဲရန် ခန့်အပ်ခြင်းခံရသူ (သို့မဟုတ်) အလားတူအဆင့်များမှ ထုတ်ပယ်ခြင်း (သို့မဟုတ်) နှုတ်ထွက်ရန် ပြောဆိုခံရသူမဖြစ်စေရ၊

၃.၄.၁၇။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့် နေရာများတွင် ဖြစ်စေ ဒါရိုက်တာ (သို့မဟုတ်) စီမံခန့်ခွဲမှုအရည်အသွေးပြည့်မီသူ မဟုတ်ဟု သတ်မှတ်ခြင်းခံရသောသူ မဖြစ်စေရ၊

၃.၄.၁၈။ အာမခံလုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ (သို့မဟုတ်) ထိန်းချုပ်ရန်၊ ဖိအားပေးရန် (သို့မဟုတ်) အလွန်အမင်း လွှမ်းမိုးရန် ဆောင်ရွက်ခြင်း၊ သွေးဆောင်ခြင်း တို့ကို ကမ်းလှမ်းသည့် အခြေအနေမျိုးမပြုလုပ်ရ၊

၃.၄.၁၉။ မြန်မာနိုင်ငံအတွင်း (သို့မဟုတ်) အခြားမည်သည့် နေရာများတွင် ဖြစ်စေ ပြစ်မှုကျူးလွန်သည့် အရာရှိတစ်ဦး၏တာဝန်ရှိမှုကို ၎င်း၏သဘောတူညီ ချက်ကြောင့် လစ်လျူရှုထားခြင်းမရှိရ။

FNI

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

၃.၅။ ဝန်ထမ်းများသည် ဝယ်ယူသူသို့ အာမခံအမျိုးအစားများကို ရောင်းချရာတွင်လည်းကောင်း၊ လက်ခံရာတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ရသည့် နှစ်ဖက်စာချုပ်ဝင်နှင့် နှစ်ဖက်စာချုပ်ဝင်များ၏ကိုယ်စား ပါဝင်ဆောင်ရွက်သောသူအားလုံး သည် အာမခံ ဥပဒေ၊ နည်းဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၃.၆။ နှစ်ဖက်စာချုပ်ဝင်များသည် အပြန်အလှန် လေးစားလိုက်နာမှုရှိရမည့် အပြင် သက်ဆိုင်ရာအာမခံထားသူများ၊ အာမခံကိုယ်စားလှယ် (သို့မဟုတ်) ကုမ္ပဏီတို့သည် အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ ဘဏ္ဍာရေး (သို့မဟုတ်) ကုန်သွယ်ရေးနှင့် ပတ်သက်သည့် အရေးယူပိတ်ဆို့ကန့်သတ်မှု ဥပဒေများကို ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ရမည်။

၃.၇။ စာချုပ်ဝင်များအနက် ပြဋ္ဌာန်းဥပဒေကို ချိုးဖောက်သော လာဘ်ပေးလာဘ်ယူမှုများကို ကျူးလွန်သည့်မည်သည့် ပုဂ္ဂိုလ် ကိုမဆို ငွေကြေး (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ကမ်းလှမ်းခြင်း၊ သတိပေးခြင်းများကို ပါဝင်ဆောင်ရွက်မှုမပြုရ။

၃.၈။ ဤသဘောတူညီချက်ပါ စည်းကမ်းချက်များနှင့်အညီ အာမခံကိုယ်စားလှယ်သည် အာမခံအမျိုးအစားများ ရောင်းချခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ဖြန့်ဖြူးခြင်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ အပြင် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသောစည်းမျဉ်းနှင့် ညွှန်ကြားချက်များကို လိုက်နာမှုမရှိပါက ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို ဆောင်ရွက်ခွင့်စေရ။

၃.၉။ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီက ၎င်းအား ခွင့်ပြုပေးထားသည့် အာမခံအမျိုးအစား တစ်ခုခုကို လုံလောက်သော အကြောင်းပြချက်ဖြင့် ရပ်ဆိုင်းခြင်း၊ ရပ်သိမ်းခြင်း များကိုစာဖြင့် (၇) ရက်ကြိုတင် အကြောင်းကြား၍ ရပ်သိမ်းခြင်းကို သဘောတူညီရမည်။

## ၄။ လုပ်ပိုင်ခွင့်နှင့်တားမြစ်ချက်များ

၄.၁။ အာမခံကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ-

၄.၁.၁။ အာမခံအမျိုးအစားများနှင့် ပတ်သက်၍ အဆိုလွှာများ လက်ခံရယူပြီး အာမခံကုမ္ပဏီသို့ လျှောက်ထားခြင်း၊

၄.၁.၂။ ပရီမီယံကြေးများ စုစည်းရယူရန်အတွက် စည်းကမ်းချက်အပိုဒ် (၄) တွင်ဖော်ပြထားသည့် နည်းလမ်းများ အတိုင်းကောက်ခံရယူခြင်း။

၄.၂။ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာပြီးပရီမီယံကို လက်ခံဆောင်ရွက်ရမည်။

၄.၃။ အာမခံကိုယ်စားလှယ်သည် လက်ခံရရှိသောပရီမီယံကိုနုတ်ဖြတ်ခြင်း၊ လျော်ကြေးများဖြင့် ခုနှိမ်ခြင်းများကို မပြုလုပ်ဘဲ ကုမ္ပဏီသို့ တိုက်ရိုက်ပေးအပ်ရမည်။

၄.၄။ အာမခံကုမ္ပဏီမှ အာမခံထားသူများသို့ ပရီမီယံပြန်အမ်းခြင်းကိစ္စရပ်များရှိခဲ့ပါလျှင် ကုမ္ပဏီမှ အဆိုပါ အာမခံထားသူများသို့ တိုက်ရိုက်ပေးချေရမည်။

၄.၅။ အာမခံကိုယ်စားလှယ်သည်-

၄.၅.၁။ အာမခံကုမ္ပဏီအတွက် အာမခံလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးရာတွင် လက်ရှိအသုံးပြုနေသော အဆိုပြုလွှာပုံစံများကိုသာ အသုံးပြုရမည်၊

၄.၅.၂။ အာမခံဝယ်ယူသူ (သို့မဟုတ်) အာမခံဝယ်ယူသူက လွှဲအပ်ထားသည့် ကိုယ်စားလှယ်များကို အဆိုပြုလွှာပုံစံနှင့် အဆိုလွှာပုံစံပါ မေးမြန်းချက်များကို လက်မှတ်ရေးထိုးခြင်းမပြုမီ ဖတ်ရှုနားလည် သဘောပေါက်ပြီး ပြည့်စုံစွာ ဖြည့်စွက်ရန်အတွက် ရှင်းလင်းပြောကြားရမည်၊

၄.၅.၃။ အာမခံဝယ်ယူသူကိုယ်စား အဆိုပြုလွှာပုံစံများ၊ အခြားအထောက်အထားများတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။

၄.၆။ အာမခံကုမ္ပဏီက စာဖြင့် ရေးသားသဘောတူညီချက်မရှိလျှင် အာမခံကိုယ်စားလှယ်သည် အောက်ပါအချက်များကို ဆောင်ရွက်ခြင်းမပြုရ-

၄.၆.၁။ အာမခံကုမ္ပဏီကိုယ်စား မည်သည့်အာမခံစာချုပ်များကိုမဆို ချုပ်ဆိုရန် ကမ်းလှမ်းခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊

၄.၆.၂။ အာမခံကုမ္ပဏီက လက်ခံအတည်ပြုထားခြင်း (သို့မဟုတ်) အာမခံကုမ္ပဏီက ပြုလုပ်ထားသော စာချုပ်များကို ပယ်ဖျက်ခြင်း (သို့မဟုတ်) ငြင်းပယ်ရန် အတွက် အဆိုပြုခြင်း၊ ကမ်းလှမ်းခြင်း၊

၄.၆.၃။ အာမခံကုမ္ပဏီ၏ကိုယ်စား မည်သည့်လျော်ကြေးများကိုမဆို တွက်ချက်ခြင်း၊ သတ်မှတ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊

၄.၆.၄။ အာမခံထားသူကိုယ်စားလျော်ကြေးတောင်းခံလွှာနှင့် အထောက်အထားများကို ဖြည့်စွက်လက်မှတ်ထိုးခြင်း၊

၄.၆.၅။ အာမခံကုမ္ပဏီ၏ ကိုယ်စားပေးရန်တာဝန်များနှင့် ကြွေးမြီများကို တာဝန်ခံ ခြင်း၊

၄.၆.၆။ အာမခံကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် အမှတ်တံဆိပ်အမည်ကို ထိခိုက်ပျက်စီးစေသော ဆောင်ရွက်ချက်များ။

**၅။ အကျိုးစီးပွားဆိုင်ရာပဋိပက္ခများ**

၅.၁။ အာမခံကိုယ်စားလှယ်နှင့် အာမခံကုမ္ပဏီများသည် ဇယား (၃) တွင် ဖော်ပြထားသည့် နေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် စတင်သက်ရောက်မှုရှိသည်။

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

၅.၂။ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီသို့ ချက်ခြင်းအကြောင်းကြားရမည့် အခြေအနေများ-

၅.၂.၁။ ကိုယ်စားလှယ်လုပ်ငန်း (သို့မဟုတ်) ဖြန့်ဖြူးမှုသဘောတူညီချက်ကို စတင်တော့မည့် အချိန်တွင် အခြားအာမခံကုမ္ပဏီများနှင့် ချုပ်ထားသော သဘောတူညီချက်များကိုရပ်စဲခြင်း၊

၅.၂.၂။ နောက်ဆက်တွဲဇယား (၃) တွင် ဖော်ပြထားသောအာမခံကုမ္ပဏီများမှ လွဲ၍ ကိုယ်စားလှယ် (သို့မဟုတ်) ဖြန့်ဖြူးရေးသဘောတူညီချက်ကိုချုပ်ဆိုခြင်း၊

၅.၃။ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီ၏ အကျိုးစီးပွားနှင့်သဟဇာတမဖြစ်ခြင်း (သို့မဟုတ်) အာမခံကုမ္ပဏီ၏ အကျိုးစီးပွားအပေါ် ပိုမိုသက်ရောက်စေသည့် သဘောတူညီချက်များကို ချုပ်ဆိုခြင်းမပြုရပါ။

## ၆။ ခံစားခွင့်ရှိသည့်အခကြေးငွေ

၆.၁။ အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်က သင့်တော်ကောင်းမွန်သော ဝန်ဆောင်မှု ပေးခြင်းအတွက် နှစ်ဖက်စာချုပ်ဝင်များ အပြန်အလှန်လေးစားမှုရှိစေရန်နှင့် သံသယများကို ရှောင်ရှားရန် အာမခံကုမ္ပဏီမှ ကော်မရှင်နှုန်းထားများကို ပြောင်းလဲသည့်နေ့မတိုင်မီအထိ အာမခံကုမ္ပဏီမှ ထုတ်ပေးခဲ့သည့် မူဝါဒများအတိုင်းသာ ခံစားခွင့် ရှိရမည်။

၆.၂။ မည်သည့်အကြောင်းပြချက်ကြောင့်မဆို ဤသဘောတူညီချက်ကို ရပ်စဲသည့်အခါ အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်သို့ ရပ်စဲသည့်နေ့မှ (၁)လ အတွင်း ကော်မရှင်ကြေးများကို တွက်ချက်ပေးရမည့် ဤသဘောတူညီချက်၏ အပိုဒ် (၁၅.၃) တွင် ဖော်ပြထားသည့် မည်သည့်အကြောင်းပြချက်မဆို သဘောတူညီချက်ကို ရပ်စဲလျှင် ပေးချေရမည့် ကော်မရှင်တွက်ချက်မှုသည် ရပ်စဲသည့်နေ့အထိသာ တွက်ချက်မှု ဖြစ်ရမည့်အပြင် အာမခံကိုယ်စားလှယ်သည် သဘောတူညီချက်ရပ်စဲပြီးနောက် ကော်မရှင်နှင့် ပတ်သက်၍ ခံစားခွင့်မရှိစေရ။

၆.၃။ အကယ်၍ မည်သည့်အာမခံပေါ်လစီမဆို အချိန်မရွေးရပ်စဲခဲ့ပါလျှင် အာမခံကုမ္ပဏီ သည် အာမခံပေါ်လစီများအတွက် ပရီမီယံပြန်အမ်းရန် ဆုံးဖြတ်ခဲ့ပါက အဆိုပါ အာမခံနှင့်ပတ်သက်သည့် ကော်မရှင်များကို အာမခံကိုယ်စားလှယ်သည် ခံစားခွင့် မရရှိသည့်အပြင် အာမခံကုမ္ပဏီမှ ပြန်လည်ထုတ်ပေးသော အမ်းငွေပေါ်မူတည်ပြီး သင့်တင့်သည့် ကာလအတွင်း ကိုယ်စားလှယ်မှ လက်ခံရရှိသော ကော်မရှင်များကို အာမခံကုမ္ပဏီသို့ ပြန်လည်ပေးအပ်ရမည်။

၆.၄။ သီးခြားဖော်ပြထားမှုမရှိလျှင် ကျန်သဘောတူညီချက်အရ ပြန်လည်ပေးဆောင်ရမည့် ကော်မရှင်အားလုံးသည် မြန်မာကျပ်ငွေဖြင့်သာ ဖြစ်ရမည်။

၆.၅။ အာမခံကုမ္ပဏီမှ အာမခံကိုယ်စားလှယ်၏ ပေါ်လစီများအပေါ် ဝန်ဆောင်မှုရလဒ် အတွက် ပေးအပ်သော ကော်မရှင်မှ လွဲ၍ ဝယ်ယူသူများက အာမခံကုမ္ပဏီသို့ သီးခြား ဝယ်ယူထားရှိသော ပေါ်လစီများအတွက် ကော်မရှင်များ နှင့် ပတ်သက်မှု မရှိရပါ။



Your Risk Solution

၆.၆။ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီမှ ပြုစုပေးထားသော ပုံစံအရ (၃) လ တစ်ကြိမ် ဝန်ဆောင်မှုများနှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို အာမခံကုမ္ပဏီသို့ (၃) လပြည့်ပြီးနောက် (၁၅)ရက် အတွင်း ပေးပို့ရမည်-

(၁) အာမခံကိုယ်စားလှယ်၏ကော်မရှင်ဝင်ငွေ

(၂) အာမခံကိုယ်စားလှယ်လက်ခံရရှိသည့် အာမခံပေါ်လစီများ၏ ပရီမီယံ

(၃) အာမခံကိုယ်စားလှယ်မှ ထုတ်ပေးထားသော အာမခံပေါ်လစီများ၏ ပရီမီယံ ပြန်အမ်းငွေများ။

၆.၇။ အာမခံကုမ္ပဏီကလည်း အဆိုပါ (၄) လပတ်စာရင်းကို ရရှိပြီး၊ ကွဲလွဲမှုများတွေ့ရှိပါက အလုပ်လုပ်ရက် (၁၅) ရက် အတွင်း စာဖြင့် ရေးသားအကြောင်းပြန်ကြားရမည်။ အဆိုပါ ကာလအတွင်းကွဲလွဲမှုမတွေ့ရှိရပါက အဆိုပါ (၃) လပတ် စာရင်းကို ငွေပေးချေမှု အတွက် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၆.၈။ အာမခံကုမ္ပဏီသည် (၄) လပတ်စာရင်း ရရှိပြီးနောက် အလုပ်လုပ်ရက် (၄၅) ရက် အတွင်း ငွေပေးချေမှုကို ပြုလုပ်ရမည်။

၆.၉။ အကယ်၍ (၄) လပတ် စာရင်းသည် အာမခံကုမ္ပဏီမှ ကွဲလွဲမှုရှိကြောင်း တွေ့ရှိရပါက အာမခံကုမ္ပဏီက စာဖြင့် အသေးစိတ်ရေးသားပြီး ငွေပေးချေမှုပြုလုပ်ရမည်။ ကွဲလွဲမှု မရှိပါက အပိုဒ် (၆.၈) နှင့်အညီ ငွေပေးချေမှုကိုလုပ်ရမည်။

**၇။ စာရင်းခုနှိမ်ခွင့်**

ဤသဘောတူညီချက်အရ အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်ကို ပေးရန်ရှိသည့်ငွေများမှ အာမခံကုမ္ပဏီက ရရန်ရှိသည့် လျော်ကြေးငွေ၊ ကြွေးမြီများ၊ ပေးရန် ရှိသည့်ငွေများကို ခုနှိမ်ရယူပိုင်ခွင့်ရှိသည်။

**၈။ ဈေးကွက်မြှင့်တင်ရေးနှင့် သက်ဆိုင်သည့်ပစ္စည်းများ**

၈.၁။ အာမခံကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိဘဲ အာမခံကိုယ်စားလှယ်သည် အာမခံကုမ္ပဏီ၏အမည်၊ တံဆိပ်၊ လိပ်စာ၊ ရုံးခန်းအဆောက်အဦး၊ တယ်လီဖုန်းအမှတ် အပါအဝင် မည်သည့်ပုံနှိပ်စာနယ်ဇင်း၊ လက်ကမ်းစာစောင်၊ လမ်းညွှန်ပိုစတာ၊ နဖူးစည်း စာတမ်းများကို အသုံးမပြုရ။

၈.၂။ အာမခံကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရှိဘဲ (သို့မဟုတ်) အာမခံကုမ္ပဏီမှ ထုတ်ပေးခြင်းမပြုဘဲ အာမခံကိုယ်စားလှယ်သည် ဈေးကွက်မြှင့်တင်ရေးအတွက် အာမခံကုမ္ပဏီ၏ အာမခံအမျိုးအစားများနှင့် အခြား ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကြော်ငြာများကို ဝယ်ယူသူများသို့ ဖြန့်ဖြူးခြင်းမပြုရ။

၈.၃။ အာမခံကုမ္ပဏီ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိဘဲအာမခံကိုယ်စားလှယ်သည် အွန်လိုင်းဒီဂျစ်တယ်စနစ်ကို ကျင့်သုံး၍ မီဒီယာများမှ တိုက်ရိုက်ဈေးကွက်ရှာဖွေခြင်း၊ သတင်းမီဒီယာများမှ အာမခံအမျိုးအစားများ ကို သတင်း ထုတ်ပြန်ခြင်း မပြုလုပ်ရ။

၈.၄။ အာမခံကုမ္ပဏီအနေဖြင့် အာမခံကိုယ်စားလှယ်က အာမခံဝယ်ယူသူအတွက် အသုံးပြုရမည့် ဈေးကွက် ရှာဖွေရေးဆိုင်ရာ ပစ္စည်းများဖြစ်သည့် လက်ကမ်းကြော်ငြာ၊ အဆိုလွှာများကို လုံလောက်အောင် ထုတ်လုပ်ပေးရမည်။ အဆိုပြုပုံစံများကို ပြင်ဆင်ရာ တွင် နှစ်ဦးနှစ်ဖက်စလုံးမှ အတည်ပြုထားရမည်။ ကုန်ကျစရိတ် များကိုလည်း နှစ်ဖက်စာချုပ်ဝင်များက ကျခံရန် သဘောတူရမည်။

၈.၅။ ဤသဘောတူညီချက်ကို ရပ်စဲချိန်နောက်ပိုင်းတွင်လည်းကောင်း၊ ဤသဘောတူညီချက် သက်တမ်းအတွင်း မဟုတ်လျှင်သော်လည်းကောင်း အာမခံကိုယ်စားလှယ်သည် အာမခံအမျိုးအစားများကို ၄င်းတို့၏ စည်းကမ်းချက်ဖြင့် ဆောင်ရွက်ရမည်။

၈.၅.၁။ အာမခံကုမ္ပဏီ၏ အတိအကျရေးသားလွှဲအပ်ခြင်းမရှိပါက ကုမ္ပဏီကိုယ်စား အာမခံအထောက်အထားများကိုထုတ်ပေးခွင့်ရှိရမည်။

၈.၅.၂။ အာမခံကုမ္ပဏီ၏ စာဖြင့်ရေးသားလွှဲအပ်ချက်မရှိဘဲ မည်သည့်အာမခံ အထောက်အထားများကိုမဆို စိတ်ကြိုက် ရေးသားပြောင်းလဲခြင်း၊ ရယူခြင်း၊ ခွင့်ပြုခြင်း။

၈.၅.၃။ အာမခံကုမ္ပဏီ၏ လွှဲအပ်မှုအရ အာမခံကုမ္ပဏီကိုယ်စား လမ်းညွှန်ချက်၊ ဈေးနှုန်း၊ ကမ်းလှမ်းချက်များ ပြင်ဆင်ခြင်း။

၈.၅.၄။ အာမခံကုမ္ပဏီ၏စာဖြင့် လွှဲအပ်ခြင်းမရှိဘဲ အာမခံလက်ခံခြင်းမပြုရ။

၈.၆။ အာမခံကုမ္ပဏီ၏ စာဖြင့် ရေးသားခွင့်ပြုချက်မရှိဘဲ အာမခံကိုယ်စားလှယ်သည် အာမခံပေါ်လစီတွင် ဖော်ပြထားခြင်းမရှိသော ပရီမီယံကိုပေးချေခြင်း၊ ပေးချေရန် ခွင့်ပြုခြင်း၊ ပေးရန်အဆိုပြုခြင်းများမပြုရ။

၈.၇။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အပါအဝင် ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သူများက အာမခံပေါ်လစီရှင်များ သို့မဟုတ် ဝယ်ယူသူများကို အကြောင်းကြားရမည့် စာချုပ်ဝင် ဟုသတ်မှတ်ပြီး လျော်ကြေးပေါ်ပေါက်ပါက အမှန်တကယ် သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်သော လျော်ကြေးအတွက် အကျိုးအမြတ်မရှိစေရန် အာမခံကိုယ်စားလှယ်ဖြင့် ဖြန့်ဖြူးထားသော စာချုပ်နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ရထားသော အာမခံကိုယ်စားလှယ်ကို အကြောင်းကြားအဖွဲ့ ဟုသတ်မှတ်ပေးရမည်။ အကြောင်းကြားအဖွဲ့သည်-

၈.၇.၁။ လျော်ကြေးတောင်းဆိုမှုကို စာဖြင့်အကြောင်းကြားခြင်းသော်လည်းကောင်း၊ ချက်ခြင်း အကြောင်းကြား ဖြင့်သော်လည်းကောင်း ဆောင်ရွက်ပြီး ဆက်လက်၍ အခြားစာချုပ်ဝင်သို့ အထောက်အထား မိတ္တူများဖြင့် ပူးတွဲပေးပို့ရမည်၊

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

၈.၇.၂။ အကယ်၍ လျော်ကြေးကို နှုတ်ဖြင့်အကြောင်းကြားပါက လျော်ကြေး၏ ဖြစ်စဉ်နှင့် ဆုံးရှုံးပစ္စည်းများကို အခြားစာချုပ်ဝင်၏ လျော်ကြေးမန်နေဂျာသို့ အကြောင်းကြားပေးရမည်၊

၈.၇.၃။ အာမခံကုမ္ပဏီ၏ကိုယ်စား လျော်ကြေးတွက်ချက်ခြင်း၊ ညှိနှိုင်းခြင်းများ မပြုလုပ်ရ၊

၈.၇.၄။ အာမခံလျော်ကြေးနှင့် ပတ်သက်၍ အခြားစာချုပ်ဝင်တစ်ဦး သို့မဟုတ် တစ်ခု ပါဝင်ပတ်သက်လာပါက အဆိုပါ စာချုပ်ဝင်၏ စာဖြင့် ရေးသားတောင်းခံသော ဥပဒေအရ လျော်ကြေးတောင်းခံမှုများကို ချက်ခြင်း အကြောင်းကြားရမည်၊

၈.၇.၅။ အခြားစာချုပ်ဝင်တစ်ဦး၏ ဥပဒေအရပတ်သက်သည့်အထောက်အထားများ၊ အသနားခံလျှောက်လွှာများ၏ မိတ္တူများကိုလည်း ချက်ခြင်းလွှဲပြောင်းပေးရမည်၊

၈.၇.၆။ အာမခံထားသူမှ ကျေနပ်မှုမရှိ၍ အရေးဆိုမှုများ (သို့မဟုတ်) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သို့ အာမခံအမျိုးအစား နှင့်ပတ်သက်၍ တရားဝင် အကြောင်းကြားစာများကို တစ်ဖက်စာချုပ်ဝင်သို့ သိရှိစေရန် ချက်ခြင်းအကြောင်းကြားပေးရမည်။ အကြောင်းကြားအဖွဲ့သည် ထိုသို့အသိပေးရာတွင် တိုင်ကြားမှုများ၊ စုံစမ်းမှုများနှင့် ပတ်သက်သည့် အထောက်အထားများကိုပါ မိတ္တူပေးရမည်။

၈.၈။ အာမခံကုမ္ပဏီသည် ၎င်းတစ်ဦးတည်း၏လုပ်ပိုင်ခွင့်အရ မည်သည့်အာမခံ လျော်ကြေးများကိုမဆို တွက်ချက်ခြင်း၊ ညှိနှိုင်းခြင်း၊ အရေးယူခြင်း၊ အခြားအပေးအယူ ကိစ္စရပ်များကိုပါ ဆောင်ရွက်ရမည်။ အာမခံကိုယ်စားလှယ်သည် အပိုဒ် (၈) ပါ အာမခံ လျော်ကြေးနှင့် မည်သည့်သတ်မှတ် လျော်ကြေးများကိုမဆိုအာမခံကုမ္ပဏီမှ ၎င်း၏ လုပ်ပိုင်ခွင့်အရ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ခြင်းကို သဘောတူညီရမည့်အပြင် မပျက်မကွက်လိုက်နာရမည်။

## ၉။ မှတ်တမ်းနှင့် ငွေစာရင်းများ

၉.၁။ အာမခံကိုယ်စားလှယ်သည် ဝန်ဆောင်မှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားသော မှတ်တမ်းများ၊ စာရင်းဇယားများ၊ အထောက်အထားများ၊ ဆက်သွယ်ထားမှု အားလုံး ကို စာရင်းဇယားမှတ်တမ်းများဖြင့် မှတ်တမ်းတင်ထားရမည်။

၉.၂။ အာမခံကုမ္ပဏီက ကျိုးကြောင်းဆီလျော်သည့် တောင်းဆိုမှုပြုလုပ်ခဲ့လျှင် အာမခံ ကိုယ်စားလှယ်သည် အဆိုပါ စာရင်းဇယားမှတ်တမ်းများ၊ စာရင်းဇယားများ၊ အထောက်အထားများ၊ ဆက်သွယ်ထားမှုများအားလုံးကို မိမိ၏ကုန်ကျစရိတ်ဖြင့် မိတ္တူကူး၍ အာမခံကုမ္ပဏီသို့ စစ်ဆေးခံရန်ပေးပို့ရမည်။

FNI

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

**၁၀။ အရေးဆိုမှုများ**

စာချုပ်ဝင်တစ်ဖက်ဖက်သည် တည်ဆဲဥပဒေနှင့်အညီ အောက်ပါအတိုင်း အရေးဆိုနိုင်သည်-

၁၀.၁.၁။တစ်ဖက်စာချုပ်ဝင် (တိုင်ကြားမှုမရှိသောစာချုပ်ဝင်)သို့ ချက်ချင်း အကြောင်းကြားရမည့်အချက်များ-

(က) ဤသဘောတူညီချက်အရ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရာတွင် အာမခံကုမ္ပဏီသည် ကိုယ်စားလှယ်အတွက် ရပ်တည်ပေးရမည့် တာဝန်ကိုထိခိုက်စေသောဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်သည့် မည်သည့်အလုပ်သမားများကို မဆို အရေးယူအပြစ်တင်ခြင်း၊

(ခ) စာချုပ်၏ စည်းမျဉ်း/ စည်းကမ်းများကို လိုက်နာနိုင်မှုမရှိခြင်း (သို့မဟုတ်) ချိုးဖောက်ခြင်း၊

(ဂ) ဤသဘောတူညီချက်အရ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရာတွင် အာမခံကုမ္ပဏီသည် ကိုယ်စားလှယ်အတွက် ရပ်တည်ပေးရမည့် တာဝန်ကိုထိခိုက်စေသော ဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်သည့် မည်သည့် အလုပ်သမားများကို မဆိုစုံစမ်းထောက်လှမ်း နိုင်ခြင်း။

၁၀.၁.၂။ အလုပ်သမားများကြောင့်ဖြစ်စေ၊အာမခံအမျိုးအစားများနှင့် ပတ်သက်၍ဖြစ်စေ၊ တိုင်ကြားခံရသည့် တစ်ဖက်စာချုပ်ဝင်မှ တိုင်ကြားမခံရသည့် တစ်ဖက်စာချုပ်ဝင်သို့ ချက်ခြင်းအကြောင်းကြားရမည်။

၁၀.၁.၃။ အထက်အပိုဒ် (၁၀.၁.၁) နှင့် (၁၀.၁.၂) အရ တိုင်ကြားမခံရသည့် စာချုပ်ဝင်မှ ဖြစ်နိုင်ချေရှိသော တောင်းဆိုမှုများပြုလုပ်ခဲ့လျှင် ယင်းထံသို့ သတင်းအချက်အလက်များ၊ လိုအပ်သည့် အထောက်အထားများ၊ အသေးစိတ်ပေးပို့ရမည်။

၁၀.၂။ တိုင်ကြားမခံရသည့် စာချုပ်ဝင်သည် တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးခြင်းများ၊ တရားရင်ဆိုင်မှုများကို အာမခံကိုယ်စားလှယ် များက အာမခံအမျိုးအစားဖြန့်ဖြူးခြင်းများ၊ ရောင်းချခြင်းများ ကို တိုင်ကြားခံရသည့် စာချုပ်ဝင်နှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင် ရွက်ရမည်။

၁၀.၃။ အထက်အပိုဒ် (၁၀) (၁၀.၁.၁ မှတစ်ပါး) သည် ဤသဘောတူညီချက် ရပ်စဲခြင်းမပြုမီအထိ တည်ရှိသည်။

**၁၁။ ဖြည့်စွက်စည်းကမ်းချက်များ**

၁၁.၁။ အာမခံကိုယ်စားလှယ်နှင့် အာမခံကုမ္ပဏီနှစ်ဦးစလုံးမှ လက်မှတ်ရေးထိုးခြင်းမရှိ သရွေ့ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများ (သို့မဟုတ်) ပြင်ဆင်ဖြည့်စွက်ချက်များသည် အကျိုးသက်ရောက်မှုမရှိစေရ။

၁၁.၂။ ဤသဘောတူညီချက်ကိုပြောင်းလဲခြင်းများ၊ ပြုပြင်ခြင်းများကြောင့် အာမခံကိုယ်စားလှယ်ကို ထိခိုက်စေနိုင်သည့်အတွက် နှစ်ဘက်စာချုပ်ဝင်များသည် အဆိုပါ ပြောင်းလဲခြင်းများ၊ ပြုပြင်ခြင်းများကို သဘောတူညီပြီးသည့်နောက် (၂)လ ကြာမှသာ စတင် သက်ရောက်မည်ဟု မှတ်ယူရမည်။

**၁၂။ တာဝန်ရှိမှုများ**

၁၂.၁။ စာချုပ်ဝင်တစ်ဖက်ဖက်သည် ဤသဘောတူညီချက်ကို ဖောက်ဖျက်ခြင်းကြောင့် အခြားတစ်ဖက်စာချုပ်ဝင်တွင် ဆုံးရှုံးမှုများ၊ ထိခိုက်စေသောဖြစ်ရပ်များ ဖြစ်ပေါ်စေခဲ့လျှင် အဆိုပါစာချုပ်ဝင်၏ ဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ ကုန်ကျစရိတ်များ၊ လျော်ကြေးများ၊ ကြွေးမြီများနှင့် တာဝန်ရှိမှုများကို အပြည့်အဝတာဝန်ယူပေးရမည်။ သို့သော် အဆိုပါ ဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ ကုန်ကျစရိတ်များ၊ လျော်ကြေးများ၊ ကြွေးမြီများ အားလုံးသည် အာမခံကုမ္ပဏီ၊ ၎င်း၏ဝန်ထမ်းများနှင့် ထိခိုက်ခံရသောအဖွဲ့အစည်း၏ ထိန်ချန်ခြင်း၊ ပေါ့ဆခြင်းတို့ကြောင့် ဖြစ်ပေါ်ခြင်းမရှိစေရ။

၁၂.၂။ မည်သည့်အကြောင်းပြချက်များနှင့်မဆို ဤသဘောတူညီချက်ကို ရပ်စဲခြင်းပြုစေ ကာမူ အထက်ဖော်ပြပါအပိုဒ် (၁၂.၁) သည် ဆက်လက်တည်ရှိနေရမည်။

**၁၃။ ပယ်ဖျက်၊ ပြင်ဆင်နိုင်ခြင်း**

၁၃.၁။ အကယ်၍ ဤသဘောတူညီချက်တွင် ဖော်ပြပါရှိသောအချက်တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ၊ တည်ဆဲ ဥပဒေများအရ အကျုံးမဝင်ခြင်း၊ မညီညွတ်ခြင်းဟု သတ်မှတ်ခဲ့လျှင် သဘောတူညီချက်တွင် ကျန်ရှိသော အချက်များအားလုံးကို ချို့ယွင်းမှု ရှိသည်ဟု မမှတ်ယူရ။

၁၃.၂။ အပိုဒ် ၁၃.၁ အရ အဆိုပါအချက်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပယ်ဖျက်ခြင်း၊ ပြုပြင်ခြင်းများကို မပြုလုပ်နိုင်ပါက အဆိုပါဖော်ပြချက်ကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တရားမဝင်ခြင်း၊ အကျုံးမဝင်ခြင်း၊ အကျိုးသက်ရောက်မှု မရှိခြင်းဟု သတ်မှတ်ချက်များသည် သဘောတူညီချက်ပါ တရားဝင်မှု၊ တည်ရှိမှု၊ အကျိုးသက်ရောက်မှုများကို မထိခိုက်စေရ။

၁၃.၃။ အကျုံးမဝင်သည့်အချက်များ၊ အကျိုးသက်ရောက်မှုမရှိသည့် အချက်များကို အစားထိုး ပြုပြင်ရန်အတွက် နှစ်ဘက်စာချုပ်ဝင်များသည် တတ်နိုင်သမျှ ဆွေးနွေးညှိနှိုင်းရမည်။

**၁၄။ လျှော့ပေါ့ပေးခြင်း**

ဤသဘောတူညီချက်ကို မှန်မှန်ကန်ကန် ပြင်ဆင်ကုစားခြင်းအတွက် တစ်ဖက် စာချုပ်ဝင်က ဤသဘောတူညီချက်ပါအချက်များကို မှန်မှန်ကန်ကန် ပြင်ဆင်ခြင်းများတွင် အားနည်းချက်များ၊ ကြန့်ကြာမှုများ မရှိခဲ့လျှင်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခုချင်းဖြစ်စေ ကြိုတင်ကာကွယ် တားဆီးခဲ့သော်လည်းကောင်း၊ ၎င်းတို့၏

ဆောင်ရွက်ချက်များကို လျှော့ပေါ့ပေးနိုင်သည်။ ဤသဘောတူညီချက်ပါ ပြင်ဆင်ကုစားခြင်းများ၊ ကျယ်ပြန့်လာမှုနှင့် အကျုံးဝင်မှုများသည် တည်ဆဲဥပဒေ အရပ်ရပ်များကြောင့်သာဖြစ်စေရမည်။

**၁၅။ ရပ်စဲခြင်း**

၁၅.၁.၁။ ဤသဘောတူညီချက်ပါ စည်းကမ်းချက်များသည် ဤသဘောတူညီချက်ကို ရပ်စဲသည့် နေ့ရက် မတိုင်မီ အထိ အကျိုးသက်ရောက်မှုရှိသည်။

၁၅.၂။ တစ်ဖက်စာချုပ်ဝင်သည် ဤသဘောတူညီချက်ကို ရပ်စဲလိုပါက အခြားတစ်ဖက် စာချုပ်ဝင်သို့ အနည်းဆုံး (၃)လ ကြိုတင်၍ စာဖြင့် အသိပေးရမည်။

၁၅.၃။ ရပ်စဲခံရမည့် တစ်ဖက်စာချုပ်ဝင်သို့ စာဖြင့်ရေးသားပြီး ကြိုတင်အကြောင်းကြားမှုကို မည်သည့်အချိန်တွင် မဆို ပြုလုပ်ခဲ့ပါလျှင် ဤသဘောတူညီချက်ကို ရပ်စဲရန်ဆောင်ရွက်သော တစ်ဖက်စာချုပ်ဝင်သည် ရပ်စဲခြင်းခံရသော တစ်ဖက်စာချုပ်ဝင်ပေါ်တွင် တာဝန်ရှိမှုမရှိစေရ။ အကယ်၍-

၁၅.၃.၁။ ရပ်စဲခြင်းခံရသည့် တစ်ဖက်စာချုပ်ဝင်သည် အာမခံအမျိုးအစားနှင့် ပတ်သက်၍ လိမ်လည်လှည့်ဖြား မှုများဆောင်ရွက်ခဲ့သည်ဟု သတ်မှတ်ခံရလျှင်။

၁၅.၃.၂။ ရပ်စဲခြင်းခံရသည့် တစ်ဖက်စာချုပ်ဝင်သည် ဤသဘောတူညီချက်ပါ စည်ကမ်းချက်များကိုဖြစ်စေ၊ တည်ဆဲဥပဒေများကိုဖြစ်စေ (အာမခံ ကုမ္ပဏီကြောင့်ဖြစ်စေ၊ အလုပ်သမားများ၏ အတိုင်းအတာ သတ်မှတ်ချက်မရှိဘဲ ထိန်ချန်မှုများ၊ ချိုးဖောက်မှုများ၊ ဆောင်ရွက်ချက်များ အပါအဝင်) ချိုးဖောက်သည်ဟုရပ်စဲမည့် အာမခံကုမ္ပဏီက သတ်မှတ်ခံရလျှင်။

၁၅.၃.၃။ ရပ်စဲခံရသည့် တစ်ဖက်စာချုပ်ဝင်သည် ၎င်း၏ ကြွေးရှင်များအတွက် (သို့မဟုတ်) (အာမခံကိုယ်စားလှယ်အတွက်) လူမွဲစာရင်းဝင်စေရန် (သို့မဟုတ်) (အာမခံကုမ္ပဏီအတွက်) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ဆောင်ရွက်ခြင်း၊ မဖြစ်မနေ (သို့မဟုတ်) မိမိဆန္ဒအလျောက် (ပြန်လည် တည်ဆောက်ရန်ဖြစ်စေ၊ ပြန်လည်ပေါင်းစပ်ရန်ဖြစ်စေ) (သို့မဟုတ်) ထိုသို့စုစည်းခြင်းသည် အမိန့်အရဖြစ်စေ၊ ဖြေရှင်းချက်များအရဖြစ်စေ၊ ထိုသို့ ပေါင်းစည်းခြင်းသည် လူမွဲဖြစ်စေခြင်း (သို့မဟုတ်) ကြွေးရှင်များ ၏ အကျိုးစီးပွားအတွက် အဆိုပြုခြင်း၊ စီစဉ်ပေးခြင်း (သို့မဟုတ်) ဥပဒေနှင့်အညီ၊ တရားရုံးစီရင်ချက်များအရဖြစ်စေ၊ တရားရုံး၏ ဆုံးဖြတ်ချက်များအရဖြစ်စေ၊ ခန့်အပ်သော တရားစီရင်ရေးဆိုင်ရာ တာဝန် ရှိသူများသာ ဖြစ်ရမည်။

၁၅.၃.၄။ ရပ်စဲခံရသည့်စာချုပ်ဝင်နှင့် ပတ်သက်သော ပိုင်ဆိုင်မှုအရပ်ရပ်ကို စာရင်းထိန်းသိမ်းရန် စာရင်းထိန်းသိမ်းသူ ခန့်အပ်ရမည်။

၁၅.၃.၅။ ရပ်စဲခံရသည့် စာချုပ်ဝင်သည် လုပ်ငန်းဆောင်ရွက်နေမှုကိုရပ်စဲရမည်။

၁၅.၃.၆။ ရပ်စဲသည့် တစ်ဖက်စာချုပ်ဝင်၏ အန္တရာယ်ရှိစေသည့် အခြေအနေ အတွက် ၎င်း၏လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရပ်စဲခြင်းခံရသောပါတီကို ထိန်းချုပ်မှု အပြောင်းအလဲပြုလုပ်နိုင်သည်။ ထိန်းချုပ်မှုဆိုသည်မှာ စာချုပ်တစ်ခုအရဖြစ်စေ အစုရှယ်ယာပိုင်ဆိုင်မှုများအရဖြစ်စေ အခြားမည်သည့် အကြောင်းအရာများကြောင့်ဖြစ်စေ တိုက်ရိုက်ဆောင်ရွက်နိုင်မှု ကို ဆိုသည်။

၁၅.၃.၇။ ဤသဘောတူညီချက်အရ ရပ်စဲခြင်းခံရသည့် စာချုပ်ဝင်သည် အခြား စာချုပ်ဝင်များပေါ်တွင် လုပ်ငန်းဆောင်ရွက်ချက်များရှိနေပါက ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာအနေအထားကိုရပ်စဲသည့် စာချုပ်ဝင်သည် သင့်တော်သည့် ထင်မြင်ယူဆချက်များဖြင့် ပြောင်းလဲပြင်ဆင်နိုင်သည်။

၁၅.၃.၈။ မည်သည့်လိုင်စင်များမဆို ရုပ်သိမ်းခြင်းဖြစ်ရပ်ဖြစ်စေ၊ တည်ဆဲဥပဒေ များ၏ ကွဲပြားမှုကြောင့် ဖြစ်စေ အာမခံကိုယ်စားလှယ်သည် အာမခံအမျိုးအစားများကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ အရောင်းမြှင့်တင်ခြင်း (သို့မဟုတ်) အာမခံကုမ္ပဏီက အာမခံအမျိုးအစားများကို လက်ခံခြင်း၊ ထုတ်လုပ်ခြင်းများသည် တရားဝင်မှုမရှိခြင်း (သို့မဟုတ်) ဖြစ်နိုင်ခြေ မရှိသည့် ဖြစ်ရပ်များ

(သို့မဟုတ်)

၁၅.၃.၉။ ရပ်စဲခံရသည့် စာချုပ်ဝင်သည် ဤသဘောတူညီချက်တွင် ပါဝင်သည့် လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှုကို တိုက်ဖျက်ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ခြင်း (သို့မဟုတ်) အခြားပြစ်မှုဆိုင်ရာဥပဒေများ နည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်သည်ဟု သတ်မှတ်သည်။

၁၅.၄။ ဤသဘောတူညီချက်ကိုရပ်စဲခြင်းသည် ရပ်စဲသည့်နေ့ရက် (သို့မဟုတ်) အဆိုပါ နေ့ရက် မတိုင်မီကရပ်စဲခြင်းပြုသည့် စာချုပ်ဝင်၏ တာဝန်နှင့်ရရန်ပိုင်ခွင့်များကို ရပ်စဲခြင်းမပြုရ။ ဤသဘောတူညီချက်အရ အာမခံကုမ္ပဏီကိုခွင့်ပြုသည့် အခွင့်အရေး နှင့် ကုစားမှုများသည် အခြားတူညီသည့် မည်သည့်ဥပဒေများတွင် အကန့်အသတ်မရှိ သက်ရောက်မှုရှိသည်။

## ၁၆။ ကြေငြာချက်များ

မည်သည့်အကြောင်းကြားချက်များ၊ အမိန့်များ၊ ကြေငြာချက်များကိုမဆို စာချုပ်ဝင် တစ်ခု၏ မှတ်ပုံတင်ထားသည့် လိပ်စာအတိုင်း စာတိုက်မှ ပေးပို့ခြင်းသည် လူကိုယ်တိုင် တာဝန်ကျေပွန်စွာ ပေးပို့သည်ဟု မှတ်ယူရမည်။

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

အဆိုပါစာသည် စာတိုက်မှ ပို့သည့်အချိန်တွင် စာအိတ်ထဲ၌အဆိုပါ အကြောင်းကြားချက်များ၊ အမိန့်များ၊ ကြေငြာချက်များထည့်သွင်းပြီး တံဆိပ်ခေါင်းကပ်၍ မှတ်ပုံတင်ခြင်းကို ခိုင်လုံသော သက်သေပြချက်ရှိရမည်။

**၁၇။ လျှို့ဝှက်ထိန်းသိမ်းရမည့်အချက်များ**

၁၇.၁။ ဤသဘောတူညီချက်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သည့် လုပ်ငန်းအတွက် လိုအပ်ချက်မှတစ်ပါး တစ်ဖက်စာချုပ်ဝင် (လျှို့ဝှက်အချက်များကိုလက်ခံသူ) မှ လျှို့ဝှက်ချက်များကို ထုတ်ဖော်သော (ထုတ်ဖော်သည့်စာချုပ်ဝင်) ထံမှ ရရှိနိုင်သော လျှို့ဝှက်သတင်းအချက်အလက်များ၊ ယင်းလက်ခံရရှိနိုင်သော တတိယပုဂ္ဂိုလ်ထံမှ ရရှိနိုင်သော လျှို့ဝှက်သတင်းအချက်အလက်များကို ထုတ်ဖော်သည့် ပါတီ၏ ခွင့်ပြုချက် မရဘဲ ထုတ်ဖော်ရမည် မဟုတ်ပါ။

၁၇.၂။ လျှို့ဝှက်သတင်းအချက်အလက်လက်ခံသူမှ သဘောတူညီချက်များမှာ-

၁၇.၂.၁။ထုတ်ဖော်ပြောသည့် စာချုပ်ဝင်နှင့် သက်ဆိုင်သော လျှို့ဝှက်သတင်း အချက်အလက်များဖြစ်သည်ဟု အပြည့်အဝယုံကြည်ရမည်၊

၁၇.၂.၂။ ထုတ်ဖော်ပြောသည့်စာချုပ်ဝင်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ လျှို့ဝှက်သတင်းအချက်အလက်များ ကို မည်သူကမှ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ထုတ်ဖော်ခြင်းမပြုရ။

၁၇.၂.၃။ လုပ်ငန်းဝတ္တရားများကို ဆောင်ရွက်ရန် အလို့ငှာ လျှို့ဝှက်သတင်း အချက်အလက်များကို အသုံးမပြုရ။

၁၇.၂.၄။ မည်သည့် လျှို့ဝှက်သတင်းအချက်အလက် မိတ္တူအားလုံးကိုမဆို အနည်းဆုံး မိမိ၏လျှို့ဝှက်သတင်း အချက်အလက်များကို ထိန်းသိမ်းသည့်နည်းတူ ကာကွယ်ထိန်းသိမ်းရမည်။

၁၇.၃။ လျှို့ဝှက်သတင်းအချက်အလက်ဟု မယူဆသည့် အချက်အလက်များမှာ-

၁၇.၃.၁။ ဤသဘောတူညီချက်ကို ချိုးဖောက်ခြင်းမှတစ်ပါး ဖွင့်ဟပြောဆိုသည့် အချိန်သည် အများပြည်သူရှေ့အတွင်း ပြောဆိုသည့် အချိန်ဖြစ်ခြင်း၊

၁၇.၃.၂။ ဤသဘောတူညီချက်ပါ လျှို့ဝှက်ထိန်းသိမ်းခြင်းကို လိုက်နာရမည့် အချက်များကို ချိုးဖောက်ခြင်းကို ထုတ်ဖော်ပြောသည့် စာချုပ်ဝင်(သို့မဟုတ်) ၎င်းဖက် စာချုပ်ဝင်များက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ လက်မခံခြင်းဖြစ်သည့်အပြင် လျှို့ဝှက်အချက်အလက်များသည် ဥပဒေအရတရားဝင် ဖြစ်ခြင်း၊

၁၇.၃.၃။ သက်ဆိုင်သည့် ဥပဒေများ (သို့မဟုတ်) နည်းဥပဒေများ (သို့မဟုတ်) စတော့အိပ်ချိန်းဆိုင်ရာ ဥပဒေများ (သို့မဟုတ်) စာရင်းစစ်များ၏ စာရင်းစစ်စံနှုန်းနှင့် လုပ်ထုံးလုပ်နည်းအတွက် ထုတ်ဖော်ပြောပြရန် လိုအပ်ခြင်း။

၁၇.၄။ ဤသဘောတူညီချက် ရပ်စဲသည့်အချိန်တွင် လျှို့ဝှက်သတင်းလက်ခံသောသူသည် သင့်လျော်သော ကြိုးပမ်းမှုအားလုံးကို ပြုလုပ်ရမည်။

၁၇.၄.၁။ ထုတ်ဖော်သည့်စာချုပ်ဝင်သို့ ပြန်လည်ပေးပို့ခြင်း (သို့မဟုတ်) ထုတ်ဖော်သည့်စာချုပ်ဝင်က လိုအပ်လျှင် လျှို့ဝှက်သတင်း အချက်အလက်အားလုံး (မိတ္တူအပါအဝင်) ကို ၎င်း၏ထိန်းချုပ်မှု အောက်တွင် ဖျက်ဆီးပစ်ရမည်။

၁၇.၄.၂။ လျှို့ဝှက်သတင်းအချက်အလက်နှင့် အဆိုပါ လျှို့ဝှက်သတင်းအချက်အလက်များကို အီလက်ထရောနစ်စနစ်ဖြင့် မှတ်တမ်းတင်ထားရှိသည့် မှတ်စုများ၊ တွက်ချက်မှုများ၊ ညှိနှိုင်းမှုများ (သို့မဟုတ်) အခြားမည်သည့် အချက်အလက် များကိုမဆို ဖျက်ဆီးရမည်။

၁၇.၄.၃။ ဤသဘောတူညီချက် ရပ်စဲခြင်းသည် စည်းကမ်းချက် အပိုဒ်၁၇အရသာ ဖြစ်ရမည်။

**၁၈။ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း**

အာမခံကိုယ်စားလှယ်သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်သော ကြေငြာချက်များ၊ ညွှန်ကြားချက်များ အပါအဝင်တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

**၁၉။ မလွှန်ဆန်နိုင်သောဖြစ်ရပ်**

၁၉.၁။ စည်းကမ်းချက်အပိုဒ် (၁၉.၂)နှင့် (၁၉.၃) တွင် ဖော်ပြချက်မှတစ်ပါး အာမခံကုမ္ပဏီ (သို့မဟုတ်) အာမခံကိုယ်စားလှယ်သည် ဤသဘောတူညီချက်ပါ အချက်များကို အကောင်အထည်ဖော်ခြင်းတွင် ကြန့်ကြာမှုများ၊ အားနည်းချက်များအတွက် တာဝန်ရှိသည်။ ထို့အပြင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ရန် သတ်မှတ်ခြင်းခံရမည့်အပြင် အကောင်းဆုံးစွမ်းဆောင်ရည်များ တတ်နိုင်သမျှ အမြန်ဆုံးပြန်လည်ရရှိစေရန်အတွက် အစဉ်အမြဲ ကြိုးပမ်း

အားထုတ်ရမည်။ တူညီသောအတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ ထိခိုက်မှုမရှိသော တစ်ဖက် စာချုပ်ဝင်သည် တာဝန်ရှိမှုမှ ကင်းလွတ်ရမည်။ အကယ်၍ အာမခံကိုယ်စားလှယ်တစ်ဦးမှ အစွမ်းကုန်အားထုတ် ရန် ပျက်ကွက်မှု၊ နှောင့်နှေးကြန့်ကြာမှုကို (၇) ရက် (သို့မဟုတ်) (၇) ရက်ထက်ပိုသော ကာလ (သို့မဟုတ်) (၁၄) ရက် ထက်ကျော်သော ကာလ (သို့မဟုတ်) (၁၄) ရက် ထက်ကျော်လွန်ပြီး (၁) လ အထိ ဖြစ်ပေါ်နေပါက အာမခံကုမ္ပဏီသည် အာမခံကိုယ်စားလှယ်ကို စာဖြင့်ရေးသား အကြောင်းကြား၍ ချက်ခြင်းဖျက်သိမ်းနိုင်သည်။

၁၉.၂။ စာချုပ်ဝင်တစ်ဖက်ဖက်သည် ၎င်း၏ ကိုယ်စားလှယ်များ၊ အလုပ်သမားများ၊ ၎င်းနှင့် ခွဲဝေတာဝန်ယူသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများက ရှိသင့်သော အစွမ်းကုန် လုံ့လစိုက်ထုတ်မှုများအတွက် ကျိုးကြောင်းဆီလျော်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ရာတွင် ပေါ့ဆခြင်း၊ အားနည်းခြင်းများဖြစ်ပါက တာဝန်ရှိမှုကို လျော့ပေါ့ ပေးရန် တောင်းဆိုနိုင်ခြင်းမရှိရ။

၁၉.၃။ အာမခံကိုယ်စားလှယ်သည် အစွမ်းကုန်ကြိုးပမ်းအားထုတ်မှုကို လျော့နည်းစေခြင်း (သို့မဟုတ်) ကြားခံဆောင်ရွက် သူတစ်ဦး၏ ပြဿနာများဖြစ်စေသည့် သေချာရေရာ သည့် လုပ်ရပ်များရှိခဲ့လျှင် သက်သာခွင့်များကိုလျော့ပေါ့ပေးရန် တောင်းဆိုခွင့် မရှိပါ။

## ၂၀။ စာချုပ်ဝင်နှစ်ဖက်ကြားဆက်သွယ်မှု

ဤသဘောတူညီချက်ပါအချက်များကို နှစ်ဖက်စာချုပ်ဝင်များမှသော်လည်းကောင်း၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက် သူများ၊ ဖက်စပ်ဆောင်ရွက်သည့် မည်သည့် တတိယ ပုဂ္ဂိုလ်စာချုပ်ဝင်အပါအဝင် ၎င်းတို့၏ အလုပ်သမားများ၊ ကိုယ်စားလှယ်များမှ ရေးဆွဲထားသည်ဟု မမှတ်ယူရ။

## ၂၁။ လွှမ်းမိုးသည့် ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

၂၁.၁။ ဤသဘောတူညီချက်သည် မြန်မာနိုင်ငံ၏ ဥပဒေကိုလိုက်နာရမည်။

၂၁.၂။ ဤသဘောတူညီချက်နှင့် ပတ်သက်၍ နှစ်ဘက်စာချုပ်ဝင်အကြား တောင်းဆိုမှုများ (သို့) အငြင်းပွားမှုများအပါအဝင် တရားဝင်ရပ်တည်မှု (သို့မဟုတ်) ရပ်စဲမှု၊ ၎င်းတို့၏ ဆက်လက်တည်ရှိရေးအတွက် အရေးဆိုမှုများပေါ်ပေါက်လာပါက စာချုပ်ဝင် တစ်ဖက်ဖက်က (သို့မဟုတ်) ၎င်း၏ ကိုယ်စားလှယ်များသည် အငြင်းပွားမှုဆိုင်ရာ အစည်းအဝေးများ ကျင်းပခြင်း၊ စာဖြင့်ရေးသား အကြောင်းကြားခြင်းများကို အလုပ်လုပ်ရက်ပေါင်း (၂၀) အတွင်း အငြင်းပွားမှု ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ရမည်။

၂၁.၃။ ဤသဘောတူညီချက်အပိုဒ် (၂၁.၂) ဖြင့် မဖြေရှင်းနိုင်သော အငြင်းပွားမှုများကို တစ်ဖက်စာချုပ်ဝင်မှ တောင်းဆိုလာပါက အဆိုပါအငြင်းပွားမှုကို နောက်ဆုံးဖြေရှင်းပေးရန် အနုညာတခုံရုံးသို့ လွှဲပြောင်းပေးရမည့်အပြင်

အဆိုပါဥပဒေကို အကောင် အထည်ဖော်မည့်အချိန်နှင့် တစ်ပြေးညီအကောင်အထည်ဖော် သတ်မှတ်ဆောင်ရွက်ရမည်။ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရမည့်နေရာသည် ရန်ကုန်ဖြစ်ပြီး ခုံသမာဓိအဖွဲ့ဝင် များမှ တာဝန်ယူရမည့် ခုံသမာဓိလူကြီးသည် ၂၀၁၆ခုနှစ် မြန်မာအနုညာတစီရင်ခြင်း ဥပဒေ (2016 Myanmar Arbitration Law) ဥပဒေအရ ဖြစ်ရမည်။

## ၂၂။ တတိယပုဂ္ဂိုလ်စာချုပ်ဝင်၏ အခွင့်အရေး

အာမခံကုမ္ပဏီနှင့် အာမခံကိုယ်စားလှယ်သည် ဤသဘောတူညီချက်ပါ စည်းကမ်းချက် များကို ဤသဘောတူညီချက်ကို ချုပ်ဆိုသော စာချုပ်ဝင်မဟုတ်သည့် အခြားတတိယပုဂ္ဂိုလ်မှ ပါဝင်ပတ်သက်မှုရှိစေရန် အားထုတ်ဆောင်ရွက်ခြင်း မပြုရပါ။

## ၂၃။ တာဝန်လွှဲပြောင်းပေးအပ်ခြင်း

ဤသဘောတူညီချက်တွင် ဖော်ပြပါရှိသောအာမခံကိုယ်စားလှယ်၏ အခွင့်အရေး၊ အကျိုးစီးပွားများ လိုက်နာရမည့် အချက်များကို အာမခံကုမ္ပဏီ၏ စာဖြင့်ရေးသား ခွင့်ပြုချက်မရှိဘဲရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း (သို့မဟုတ်) တာဝန်လွှဲပြောင်း ခြင်းများမပြုရ။ အာမခံကုမ္ပဏီအနေဖြင့် ဤသဘောတူညီချက်နှင့်အညီ အားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းဖြစ်သော အခွင့်အရေးများ၊ တာဝန်များ (သို့မဟုတ်) လိုက်နာရမည့် ဝတ္တရားများ (သေတမ်းစာအရ နောင်အနာဂါတ်တွင် ပေးချေရန်ရှိသော (သို့မဟုတ်) ငွေထုတ်ပေးရမည့် ကိစ္စရပ်များအပါအဝင်) ကို ၎င်းနှင့် သက်ဆိုင်သည့်၊ ပတ်သက်သည့်၊ ဆက်နွယ်သည့် ကုမ္ပဏီများကိုပေးအပ်နိုင်သည်။ ထိုသို့ လွှဲပြောင်းမှု နှင့်ပတ်သက်၍ မည်သည့်ပူးပေါင်းမှု၊ ခွဲခြားမှု၊ ဖျက်သိမ်းမှု၊ ပြန်လည်ပြင်ဆင်မှု စသည့် မည်သည့်ပုံစံများနှင့်မဆို ဆက်သွယ်ဆောင်ရွက်ခြင်း (သို့မဟုတ်) မည်သည့်ပုံစံများဖြင့် မဆို စီးပွားရေးလုပ်ငန်းပြန်လည် ပေါင်းစည်းခြင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်း ပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်စပ်ကုမ္ပဏီများနှင့် သီးခြားကုမ္ပဏီများ တည်ထောင်ခြင်း များကို အာမခံအဖွဲ့အစည်း၏ သဘောထားမှတ်ချက်မပါဘဲ တတိယပုဂ္ဂိုလ် စာချုပ်ဝင် ဖြင့်ဆက်သွယ်ဆောင်ရွက်နိုင်သည်။

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

**၂၄။ ပူးပေါင်းပါဝင်သူများ**

ဤသဘောတူညီချက်ကို အားလုံးတစ်သားတည်း ဖြစ်စေရန် ဖွဲ့စည်းမည်ဆိုပါက အတူတကွ လုပ်ကိုင်ဆောင်ရွက်မည့် အရေအတွက် မည်မျှပင်ဖြစ်စေ ဤသဘောတူညီချက်ကို ဝင်ရောက်ဆောင်ရွက်နိုင်သည်။ မည်သည့်စာချုပ်ဝင်မဆို ဤသဘောတူညီချက်ကို အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်သူ အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ ခွင့်ပြုနိုင်သည့်သူများက လက်မှတ်ရေးထိုးသည့်နေ့ရက် မှစ၍ နှစ်ဘက်စာချုပ်ဝင်များသည် အထက်ပါ ရေးသားချက်များအတိုင်း အကောင်အထည်ဖော်နိုင်သည်။

နှစ်ဖက်စာချုပ်ဝင်များ၏ တရားဝင်လွှဲအပ်ခံရသူများသည် ဤသဘောတူညီချက်ကို အပြည့်အဝလိုက်နာကြမည်ဟု နှစ်ဖက်သက်သေများ ရှေ့မှောက်တွင် အထက်ဖော်ပြထားသောနေ့ရက်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

**အာမခံကုမ္ပဏီကိုယ်စား**

(လက်မှတ်) အသိသက်သေ

-----------ကိုယ်စား

အမည် ………………...… (၁)

ရာထူး ………………...… (၂)

ကုမ္ပဏီအမည် ………………...…

**အာမခံကိုယ်စားလှယ်**

(လက်မှတ်) အသိသက်သေ

အမည် ………………...… (၁)

ဖုန်းနံပါတ် ………………...… (၂)

လိပ်စာ ………………...…



Your Risk Solution

No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

**စာရင်းချုပ် (၁) ကော်မရှင်စာရင်းချုပ်**

၁။ အထွေထွေအာမခံအမျိုးအစားများအားလုံး၏ ကော်မရှင်များ (မြန်မာနိုင်ငံ၏ လိုက်နာရမည့် ဥပဒေများအရ ခွဲခြားသတ်မှတ်၊ ဖွင့်ဆိုထားသော ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD) မှ ချမှတ်ထားသော။)

| List of Business | New Business | Renewal Business |
|---|---|---|
| Fire Insurance | 20% | 10% |
| Motor Insurance | 18% | 10% |
| Marine Hull | 10% | - |
| Inland Transit | 18% | - |
| Marine Cargo (Inland) | 18% | - |
| Marine Cargo (Oversea) | 15% | - |
| Travel Insurance | 10% | - |
| Health Insurance | 10% | - |
| Personal Accident Insurance | 10% | - |

**စာရင်းချုပ် (၂) အာမခံအမျိုးအစားများ**

၁။ အထွေထွေအာမခံအမျိုးအစားများအားလုံး (မြန်မာနိုင်ငံ၏ လိုက်နာရမည့် ဥပဒေများအရ ခွဲခြားသတ်မှတ်ဖွင့်ဆိုထားသော။)

1. Fire Insurance
2. Motor Insurance
3. Marine Hull
4. Inland Transit
5. Marine Cargo (Inland)
6. Marine Cargo (Oversea)
7. Travel Insurance
8. Health Insurance
9. Personal Accident Insurance

FIRST NATIONAL INSURANCE (GENERAL) CO., LTD.
No. 400/406, Merchant Road, Botahtaung Township,
Yangon, Myanmar. 11162
Office : 01-8610661, Call Center : 01-9010900
Fax: 01-8610676
E-mail : customerservices@fnigeneral.com
Website : www.fnigeneral.com

**စာရင်းချုပ်(၃) အခြားအာမခံလက်ခံသူများ**

| No | Name of Insurance Company | Selection (√) |
|---|---|---|
| 1 | Aung Thitsar Oo Insurance Co.,Ltd | |
| 2 | GGI Tokyo Marine General Insurance Co.,Ltd | |
| 3 | First National Insurance General Co.,Ltd | |
| 4 | Excellent Fortune Insurance Co.,Ltd | |
| 5 | Global World Insurance Co.,Ltd | |
| 6 | KBZ MS General Insurance (Public) Co.,Ltd | |
| 7 | Myanma Insurance | |
| 8 | Pillar of Truth Insurance Co.,Ltd | |
| 9 | Young Insurance Global Co.,Ltd | |